# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 30, 2020 | Volume 32, Number 22

## ၃၀.၆.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၀ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၆၅၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၇၆/- ကျပ် |
| CBM Rate | = ၁၃၇၅.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၃.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၅.၃၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၈၈.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၇၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၄၂.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၄.၃၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၀၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၂၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၁.၁၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၅၄၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မြန်မာအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့မှုအစီအစဉ်အောင်မြင်ကြောင်း ဒိန်းမတ်သံရုံးထုတ်ပြန်



ဒိန်းမတ်နိုင်ငံက မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ကူညီထောက်ပံ့ရေးအစီအစဉ်သည် အောင်မြင်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးက ဇွန်လ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) များကို ဒိန်းမတ်နိုင်ငံက တာဝန်သိစီးပွားရေးလုပ်ငန်းများအတွက် ရန်ပုံငွေ (RBF)မှ နည်းပညာနှင့်ငွေကြေးကူညီနေခြင်းဖြစ်သည်။ ဒိန်းမတ်သံရုံးက ထုတ်ပြန်ရာတွင် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်စီးပွားရေးတိုးတက်ရေးနှင့် အသွင်ပြောင်းရေးတွင် အဓိကကျသည်ဟုဆိုသည်။

မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံနှစ်ခုလုံးတွင်လည်း ထိုလုပ်ငန်းများက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေသည်ဟုဆိုသည်။ ဒိန်းမတ်နိုင်ငံ၏ RBF စီမံကိန်းသည် ပုဂ္ဂလိကစီးပွားရေးကဏ္ဍတိုးတက်ရေး၊ မြန်မာ့အစိုးရ ဆောင်ရွက်နေသည် ကောင်းမွန်သည့် စီးပွားရေးဝန်းကျင်ကောင်းများဖန်တီးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူပြုရန်အတွက်ဖြစ်သည်ဟု ဆိုသည်။ ဒိန်းမတ်နိုင်ငံက ကျပ်ငွေ ၁၂ ဘီလီယံခွဲကို ပြည်တွင်းရှိ SME လုပ်ငန်း ၅၀၀ ခန့်ကို ထောက်ပံ့ရန် မြန်မာအစိုးရနှင့် ၂၀၁၈ တွင် သဘောတူလက်မှတ် ရေးထိုးခဲ့သည်။

ထိုရန်ပုံငွေမှ SME များ၏ လုပ်ငန်းစတင်ရန် ကုန်ကျငွေ ၆၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ငွေကြေးထောက်ပံ့မည်ဖြစ်သည်။ အထူးသဖြင့် စွမ်းအင်၊ ရေချိုတာရေးလုပ်ငန်းများ၊ ရေပြန်လည်သန့်စင်ရေးလုပ်ငန်းများ၊ အစားအသောက်ဘေးကင်းရေး စသည့်လုပ်ငန်းများကို ထောက်ပံ့ရန်ဖြစ်သည်။

**Source:** https://7day.news/detail?id=190602

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၇၁ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသော်လည်း အောက်တိုဘာမှမေအထိ ခန့်မှန်းနှုန်းထက် နှစ်ရာခိုင်နှုန်းဝန်းကျင်မြင့်တက်



၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၇၁ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသော်လည်း အောက်တိုဘာမှမေအထိ ခန့်မှန်းနှုန်းထက် နှစ်ရာခိုင်နှုန်းဝန်းကျင်အထိ မြင့်တက်ခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းများအရသိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၆၅ ရာခိုင်နှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၇၁ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာတွင် ၈ ဒသမ ၆၀ ရာခိုင်နှုန်း၊ နိုဝင်ဘာတွင် ၈ ဒသမ ၅၉ ရာခိုင်နှုန်း၊ ဒီဇင်ဘာတွင် ၈ ဒသမ ၈၁ ရာခိုင်နှုန်း၊ ဇန်နဝါရီတွင် ၉ ဒသမ ၀၆ ရာခိုင်နှုန်း၊ ဖေဖော်ဝါရီတွင် ၉ ဒသမ ၂၀ ရာခိုင်နှုန်း၊ မတ်တွင် ၉ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဧပြီတွင် ၈ ဒသမ ၈၀ ရာခိုင်နှုန်း၊ မေတွင် ၈ ဒသမ ၃၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် မေတွင် တစ်နှစ်အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၈ ဒသမ ၃၅ ရာခိုင်နှုန်းဖြစ်ပြီး၂၀၂၀ ပြည့်နှစ် ဧပြီလ၏ ငွေကြေးဖောင်းပွမှုနှုန်း ၈ ဒသမ ၈၀ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက ငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်ပြန်လည် ကျဆင်းလာခြင်းဖြစ်ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့ကထုတ်ပြန်ထားသည်။ ၂၀၁၈ ခုနှစ် ဧပြီမှစ၍ ၂၀၁၉ ခုနှစ် စက်တင်ဘာအထိ ငွေကြေးဖောင်းပွမှုနှုန်း ၁၈ လ ဆက်တိုက်မြင့်တက်ခဲ့သည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာတွင် အနည်းငယ်ပြန်ကျပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီနှင့်ဖေဖော်ဝါရီတွင် ပြန်လည်မြင့်တက်ခဲ့ကာ မတ်၊ ဧပြီနှင့်မေတွင် ပြန်လည် ကျဆင်းခြင်းဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၄ ဒသမ ၈၁ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသော်လည်း ဘဏ္ဍာနှစ်အစပိုင်းလများဖြစ်သော အောက်တိုဘာတွင် ၆ ဒသမ ၃၄ ရာခိုင်နှုန်း၊ နိုဝင်ဘာတွင် ၆ ဒသမ ၆၆ ရာခိုင်နှုန်း၊ ဒီဇင်ဘာတွင် ၆ ဒသမ ၈၆ ရာခိုင်နှုန်း၊ ဇန်နဝါရီတွင် ၆ ဒသမ ၉၄ ရာခိုင်နှုန်း၊ ဖေဖော်ဝါရီတွင် ၇ ဒသမ ၀၇ ရာခိုင်နှုန်း၊ မတ်တွင် ၇ ဒသမ ၂၈ ရာခိုင်နှုန်း၊ ဧပြီတွင် ၇ ဒသမ ၅၁ ရာခိုင်နှုန်း၊ မေတွင် ၇ ဒသမ ၈၂ ရာခိုင်နှုန်း၊ ဇွန်တွင် ၈ ဒသမ ၀၈ ရာခိုင်နှုန်း၊ ဇူလိုင်တွင် ၈ ဒသမ ၃၅ ရာခိုင်နှုန်း၊ ဩဂုတ်တွင် ၈ ဒသမ ၅၃ ရာခိုင်နှုန်း၊ စက်တင်ဘာတွင် ၈ ဒသမ ၆၁ ရာခိုင်နှုန်းအထိရှိနေကာ ၂၀၁၈ ခုနှစ် ဧပြီမှ ၂၀၁၉ ခုနှစ် စက်တင်ဘာအထိ ၁၈ လဆက်တိုက် ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်ခဲ့သည်။

တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေး ဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ် မေအထိ တစ်နှစ်ပျမ်းမျှ ၈ ဒသမ ၃၅ ရာခိုင်နှုန်းရှိပြီး နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) မှာ ၄ ဒသမ ၂၁ ရာခိုင်နှုန်းရှိကြောင်းသိရသည်။ ၂၀၂၀ ပြည့်နှစ် မေလအတွင်း ဧရာဝတီတိုင်းဒေသကြီးတွင် ၁၂ ဒသမ ၇၉ ရာခိုင်နှုန်းဖြင့် ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း အမြင့်ဆုံးဖြစ်ပေါ်ခဲ့ပြီး မန္တလေးမြို့တွင် ၁၂ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့် ဒုတိယအမြင့်ဆုံးဖြစ်ခဲ့ကာ နေပြည်တော်တွင် ၁၀ ဒသမ ၃၉ ရာခိုင်နှုန်းဖြင့် တတိယအမြင့်ဆုံးဖြစ်ခဲ့ကြောင်းသိရသည်။

၂၀၂၀ ပြည့်နှစ် မေလအထိ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၈ ဒသမ ၆၆ ရာခိုင်နှုန်းဖြင့် ပြောင်းလဲမှုအများဆုံးဖြစ်ပေါ်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ၀ ဒသမ ၅၂ ရာခိုင်နှုန်းဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်ထားသည်။ တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေး ဖောင်းပွမှုနှုန်းကို ပြောင်းလဲတွက်ချက်တင်ပြနိုင်ရန် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် အိမ်ထောင်စု ဝင်ငွေနှင့် စားသုံးမှုစစ်တမ်းကို မြို့နယ်ပေါင်း ၈၂ မြို့နယ်တွင် နမူနာအိမ်ထောင်စုပေါင်း ၃၂၆၆၉ ကို စစ်တမ်းကောက်ယူ ခဲ့ကြောင်းသိရသည်။

ယခင်က ၂၀၀၆ ခုနှစ်ကိုအခြေခံ၍ ငွေကြေးဖောင်းပွမှုနှုန်းကို တွက်ချက်ခဲ့သော်လည်း ယခုအခါ ၂၀၁၂ ခုနှစ်စစ်တမ်းအပေါ် အခြေခံ၍အခြေခံနှစ် (Base Year) အား ပြောင်းလဲတွက်ချက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ် မေအထိ တစ်နှစ်

ပျမ်းမျှ ၈ ဒသမ ၃၅ ရာခိုင်နှုန်းရှိပြီး ၂၀၂၀ ပြည့်နှစ် ဧပြီအထိ တစ်နှစ်ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း ၈ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ဝ ဒသမ ၄၅ ရာခိုင်နှုန်း ကျဆင်းလာကြောင်းသိရသည်။ ၂၀၁၈ ခုနှစ် မေလမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၈ ခုနှစ် မေလတွင် ၄ ဒသမ ၂၉ ရာခိုင်နှုန်းရှိခဲ့ရာမှ တဖြည်းဖြည်း မြင့်တက်လာခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ၉ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

Source: https://news–eleven.com/article/180575

## ပဲမျိုးစုံရောင်းဝယ်ရာတွင် လိုက်နာရမည့် အချက်သုံးချက်ကို ဘုရင့်နောင်ကုန်စည်ဒိုင်ထုတ်ပြန်

ပဲဈေးကွက်တည်ငြိမ်ရေးနှင့် လေပေးဝယ်ယူမှုများမရှိစေရန် ပဲမျိုးစုံရောင်းဝယ်ရာ၌ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရန်ကုန်တိုင်းကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင် ကုန်စည်ဒိုင်) က ဇွန်လ ၂၉ ရက်တွင် ထုတ်ပြန်သည်။ ဘုရင့်နောင်ကုန်စည်ဒိုင်၏ အသင်းသားများဖြစ်သော ပဲတင်ပို့သူများ၊ ပဲသန့်စင်စက်ပိုင်လုပ် ငန်းရှင်များ၊ ပဲရောင်းဝယ်သူလုပ်ငန်းရှင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ဇွန်လ ၂၇ ရက်က တွေ့ဆုံဆွေးနွေးပြီးနောက် ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဘုရင့်နောင်ကုန်စည်ဒိုင်၌ ပြည်ပသို့အဓိကပို့ကုန်ဖြစ်သည့် မတ်ပဲနှင့်ပဲစင်းငုံရောင်းဝယ်ရာတွင် မူလကတည်းက ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာမှုမရှိသောကြောင့် ရောင်းဝယ်မှုစနစ်မမှန်ကန်ကြောင်း ဆွေးနွေး ဖော်ထုတ်ခဲ့သည်ဟု ဘုရင့်နောင်ကုန်စည်ဒိုင်အလုပ်အမှုဆောင်အဖွဲ့ကဆိုသည်။ ရေရှည်၌ ဈေးကွက်မှန်ကန်မှသာလျှင် သီးနှံထွက်ရာသီချိန် ပဲစိုက်တောင်သူများ ဈေးနှုန်းမနစ်နာစေရေးနှင့် ပို့ကုန်များစနစ်တကျတင်ပို့နိုင်ရန် အထောက်အကူပြုမည့် လိုက်နာရန် အချက်သုံးခုကို ကြေညာခဲ့ခြင်းဖြစ်ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်အသင်း အတွင်းရေးမှူး ဦးမြင့်ဦးကဆိုသည်။ “ဈေးကွက်ကစားတဲ့ အခြေအနေတွေ၊ လေနဲ့ဝယ်တဲ့ပုံစံတွေကို ထပ်ပြီးသတိပေးတာပေါ့။ နောက်အရင်က ကျွန်တော်တို့ အဲဒီလိုပုံစံမျိုးထုတ်ပြန်ထားခဲ့တယ်။ လိုက်နာမှုအားနည်းလို့ ထပ်သတိပေးတဲ့အနေအထားမျိုးဖြစ်တယ်” ဟု ၎င်းကပြောကြားသည်။

ကြေညာချက်ပါ လိုက်နာရမည့်အချက်သုံးချက်မှာ လက်ရှိမှတ်ပုံတင်ထားသော လက်ငင်းအရောင်းအဝယ်စာချုပ်များ အားလုံးကို ၂၀၂၀ ဩဂုတ်လကုန် နောက်ဆုံးထားစာရင်းရှင်းလင်းရန်နှင့် လက်ငင်းအရောင်းအဝယ်စာချုပ်ပါ စည်းကမ်းချက်များ အတိုင်း တစ်လပြည့်မြောက်သည့်အခါ ပဲဝယ်ယူသူက ပဲလက်ရောက်ရယူ၍ စာရင်းရှင်းလင်းရန်ဖြစ်သည်။ ထို့ပြင် ၂၀၁၁ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ကြေညာချက်အရ ဘုရင့်နောင်ကုန်စည်ဒိုင်၌ ပဲမျိုးစုံရောင်းဝယ်ရာတွင် ကုန်ပစ္စည်းတည်နေရာကိုဖော်ပြပြီး ရောင်းချသူနှင့်ဝယ်ယူသူနှစ်ဦးသည် ပဲလက်ရောက်ပေးအပ်ခြင်းနှင့် ပဲဖိုးငွေပေးချေခြင်းကို တတိယသူတစ်ဦးမပါစေဘဲ တိုက်ရိုက်ပြုလုပ်ခြင်းဖြင့် လိုက်နာရန်အသိပေးသည်။

သတ်မှတ်စည်းကမ်းချက်များကို ဆောင်ရွက်ခြင်းမပြုပါက ရောင်းချသူ၊ ဝယ်ယူသူနှင့်အကျိုးဆောင်ပွဲစားများကို ဘုရင့်နောင်ကုန်စည်ဒိုင်အတွင်းသို့ ဝင်ရောက်ရောင်းဝယ်ခွင့် ခြောက်လကြာဆိုင်းငံ့မည်ဟု ကြေညာချက်တွင်ဖော်ပြထားသည်။

**Source:** https://7day.news/detail?id=190603

## ယခင်နှစ်ထက် လယ်ယာထွက်ပစ္စည်း ကန်ဒေါ်လာသန်း ၄၆ဝ ကျော်ဖိုး ပိုမိုတင်ပို့နိုင်

လယ်ယာထွက်ပစ္စည်း ပြည်ပတင်ပို့မှုအနေနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဇွန်လ ၁၂ ရက်နေ့အထိ တင်ပို့မှုမှာ ယခင်နှစ်ကာလတူ တင်ပို့မှုပမာဏထက် အမေရိကန်ဒေါ်လာသန်း ၄၆ဝ ကျော်ဖိုး ပိုမိုတင်ပို့နိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဇွန်လ ၁၂ ရက်နေ့အထိ လယ်ယာထွက်ပစ္စည်း တင်ပို့ မှုမှာ အမေရိကန်ဒေါ်လာ ၂၉၀၆ ဒသမ ၂၆၆ သန်းဖိုးတင်ပို့ထားပြီး ၂၀၁၈-၁၉ ဘဏ္ဍာနှစ်ကာလတူက အမေရိကန်ဒေါ်လာ ၂၄၃၉ ဒသမ ၉၂၄ သန်းဖိုး တင်ပို့ထားခြင်းဖြစ်သည်။ သို့ဖြစ်၍ အမေရိကန်ဒေါ်လာ ၄၆၆ ဒသမ ၃၄၂ သန်းဖိုး ပိုမိုတင်ပို့နိုင်ခြင်းဖြစ်ပြီး ယခုနှစ်တွင် Covid-19 ကြောင့် လယ်ယာထွက်ကုန်အများစု ပြည်ပတင်ပို့မှုမှာ လျော့ကျ သွားခြင်းဖြစ်ကြောင်း ပို့ကုန်လုပ်ငန်းရှင်များထံမှသိရသည်။ ထို့ပြင်ပြည်ပသို့တိရစ္ဆာန်ထွက် ပစ္စည်းတင်ပို့မှုမှာလည်း ၂၀၁၉-၂၀၂၀

ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဖွန်လ ၁၂ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၈၉၆ သန်းဖိုးတင်ပို့နိုင်ပြီးယခင်နှစ်ကာလတူက အမေရိကန်ဒေါ်လာ ၃၇၃ ဒသမ ၄၇၄ သန်းဖိုးတင်ပို့နိုင်ပြီး ယခင်နှစ်တင်ပို့မှုထက် အမေရိကန်ဒေါ်လာ ၂၄၁ ဒသမ ၅၇၈ သန်းဖိုးလျော့ကျသွားကြောင်း တင်ပို့မှုစာရင်းများအရသိရသည်။ ပြည်ပသို့ စက်မှုကုန်ချောပစ္စည်းတင်ပို့မှုမှာလည်း ယခင်နှစ်တင်ပို့မှုထက် အမေရိကန်ဒေါ်လာ ၁၅၁ ဒသမ ၈၈၇ သန်း လျော့ကျသွားကြောင်း ယင်းစာရင်းများအရသိရသည်။

**Source : The Voice**

https://news.ydnp.net/353753/

## အီးယူထောက်ပံ့ငွေ ယူရိုနှစ်သန်းဖြင့် မွေးမြူရေးသွင်းအားစုများ ပံ့ပိုးပေးမည်

ဥရောပသမဂ္ဂ (အီးယူ) ၏ ထောက်ပံ့ငွေယူရိုနှစ်သန်းဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မွေးမြူရေးသွင်းအားစုများပံ့ပိုးပေးမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနထံမှ သိရသည်။ မွေးမြူရေးသွင်းအားစုများအပြင် ကျွဲ၊ နွား ခွာနာလျှာနာရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဝက်ဝမ်းကျရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်ကာလအတွင်း တိရစ္ဆာန်ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် တိရစ္ဆာန်ရောဂါကျရောက်မှုကြောင့် ထပ်ဆောင်းထိခိုက်မှုများ မဖြစ်ပွားစေရန် လူနေထူထပ်၍ ကိုဗစ်ရောဂါခံတတ်ခွဲလူနာတွေ့ရှိမှု အများဆုံးဖြစ်သောရန်ကုန်တိုင်းဒေသကြီးဧရိယာနှင့်ဆက်စပ်နေသည့် ဧရာဝတီတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့တွင် ကျွဲ၊ နွား ခွာနာလျှာနာ ရောဂါကာကွယ်ဆေး၊ ဝက်ဝမ်းကျရောဂါကာကွယ်ဆေးနှင့် ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေးများထိုးနှံခြင်းကို အထူးစီမံချက်ချ ဆောင်ရွက်ပေးလျက်ရှိကြောင်း ယင်းဌာနထံမှသိရသည်။

ကိုဗစ်ကာလအတွင်း တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ခက်ခဲသော်လည်း ကျေးရွာများရှိ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ၏ အကူအညီဖြင့် ကျွဲ၊ နွား ကာကွယ်ဆေးထိုးနှံခြင်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနထံမှသိရသည်။ ထို့အတူ အအေးခန်းသိုလှောင်ရုံများ စနစ်တကျစတင်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ယင်းဌာနထံမှ သိရသည်။

**Source : Th Voice**

https://news.ydnp.net/353728/

## မျိုးငါးနှင့်သားပေါက်များဖြန့်ဖြူးရန် ကျပ်သန်း ၆၇၀၇ အသုံးပြုမည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက မေလမှဒီဇင်ဘာလအထိ ဆောင်ရွက်မည့် ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် မျိုးငါးနှင့်သားပေါက်များဖြန့်ဖြူးပေးခြင်း လုပ်ငန်းအတွက် ငွေကျပ်သန်း ၆၇၀၇ အသုံးပြုသွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှသိရသည်။ Covid-19 ကြောင့် လယ်ယာ၊ သားငါးကဏ္ဍအပေါ် ရိုက်ခတ်လာသည့် သက်ရောက်မှု/စိန်ခေါ်မှုများအပေါ် ဝန်ကြီးဌာန အနေနှင့် CERP စီးပွားရေးအပေါ် ထိခိုက်မှု သက်သာရေး စီမံချက်အရ ဘဏ္ဍာငွေကျပ် ၉၂ ဒသမ ၆၁ ဘီလီယံကို ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးမှု အတွက်ဆောင်ရွက်ရန် နိုင်ငံတော်က ခွင့်ပြုပေးခဲ့ကြောင်းသိရသည်။

အဆိုပါအစီအစဉ်အရ စိုက်ပျိုးရေးဦးစီးဌာနအနေနှင့် မြို့နယ်ပေါင်း ၂၈၇ မြို့နယ်တွင် ဖွန်လမှဒီဇင်ဘာလအထိ ဆောင်ရွက်မည့် စပါးမျိုးစေ့ထုတ်လုပ်ငန်း ဇကေ ၁ သိန်းစီမံကိန်းအတွက် ငွေကျပ် ၁၄,၉၁၁ ဒသမ ၃၃ သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနှင့် ကျေးရွာပေါင်း ၁၇၇၀ တွင် ဖွန်လမှ စက်တင်ဘာလကုန်အထိဆောင်ရွက်မည့် ကျေးရွာ

မတည်ရန်ပုံငွေ စီမံကိန်းအတွက် ငွေကျပ်သန်း ၄၂,၀၀၀ နှင့် ငါးလုပ်ငန်းဦးစီးဌာနက ငွေကျပ်သန်း ၆၀၀၀ အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် စက်မှုလယ်ယာဦးစီးဌာနအနေနှင့် နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လယ်ယာသုံးစက်ကိရိယာဖြန့်ဖြူးခြင်း လုပ်ငန်းအတွက် ငွေကျပ်သန်း ၁၂၅၆ ဒသမ ၈၅ သန်း အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းဌာနထံမှသိရသည်။

CERP ၏ ဝင်ငွေရရှိစေမည့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းအစီအစဉ်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနှင့် ကျေးရွာပေါင်း ၂၄၈၈ ရွာတွင် ဖွန်လမှ စက်တင်ဘာလအထိဆောင်ရွက်မည့် ကျေးရွာအခြေခံအဆောက်အဦ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ငွေကျပ်သန်း ၂၅,၀၀၀၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် ဖွန်လမှ စက်တင်ဘာလကုန်အထိဆောင်ရွက်မည့် မွေးမြူထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ဖော်ဆောင်ခြင်းကို ငွေကျပ်သန်း ၁၄၄၀ အသုံးပြုဆောင်ရွက်မည်ဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနက ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလမှ ဒီဇင်ဘာလအထိဆောင်ရွက်မည့် ရေလုပ်သားများကို ပင်လယ်ပြင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် သင်တန်းများဖွင့်လှစ်ခြင်းကို ငွေကျပ်သန်း ၆၀ ဒသမ ၇၇ သန်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုဦးစီးဌာနအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် ဖွန်လမှ စက်တင်ဘာလအထိ ဆောင်ရွက်မည့်လက်တံမြောင်း၊ လက်ခွဲမြောင်း၊ ရေနုတ်မြောင်းငယ်များပြုပြင်ခြင်းနှင့် ရေငန်တားတာ၊ ရေဘေးကာကွယ်ရေးတာများ ကြံ့ခိုင်ရေးဆောင်ရွက်ခြင်းကို ငွေကျပ် ၁၁၃၈ ဒသမ ၈၁ သန်း အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှသိရသည်။

**Source: The Voice**

https://news.ydnp.net/353629/

## နိုင်ငံတော်နှင့်ဘဏ်များမှ ထိုက်သင့်သည့်ချေးငွေရရှိစေရေး မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းကြိုးပမ်းမည်

နိုင်ငံတော်နှင့်ဘဏ်များမှ ထိုက်သင့်သည့်ချေးငွေရရှိစေရေး မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းကြိုးပမ်းမည်ဖြစ်ကြောင်း အဆိုပါအသင်းမှသိရသည်။ COVID-19 အလွန်ကာလတွင် ပြောင်းကိုတိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ပြည်တွင်းမွေးမြူရေးကဏ္ဍအတွက် လိုအပ်ချက်ပြည့်မီစွာ ရောင်းချနိုင်စေရန်၊ နယ်စပ်ကုန်သွယ်ရောင်းချမှုများတွင် ဘဏ်များမှတစ်ဆင့် စနစ်တကျငွေပေးချေနိုင်စေရန်၊ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်စေရန်စသည့်ကိစ္စရပ်များအတွက် မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှကြိုးပမ်းဆောင်ရွက်နေပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

နိုင်ငံတော်ဘက်ကနေ ထိုက်သင့်တဲ့ချေးငွေတွေ ဖန်တီးပေးလာဖို့အတွက် တောင်းဆိုမယ်။ တကယ်လို့ နိုင်ငံတော်အနေနဲ့ ချေးငွေမထုတ်ပေးနိုင်ဘူးဆိုရင်လည်း သက်ဆိုင်ရာဘဏ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးဖို့အတွက်ပေါ့။ ကျွန်တော်တို့ ပြောင်းလုပ်ငန်းအသင်းအနေနဲ့ တတ်နိုင်တဲ့ဘက်ကနေ၊ တတ်စွမ်းသလောက် ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားဖို့တွေရှိပါတယ်ဟု မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်ကပြောသည်။

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း(ပခုက္ကူခရိုင်)၊ မန္တလေးတိုင်း(မြင်းခြံခရိုင်)၊ နေပြည်တော်အနီးတဝိုက်၊ ဧရာဝတီတိုင်းတို့၌ စိုက်ပျိုးထုတ်လုပ်နေပြီး၊ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနေသည်။ ပြောင်းဈေးကွက်ကလည်း အခုအချိန်မှာ ဈေးနှုန်းအတက်ပိုင်းမှာ ရပ်တည်နေပါတယ်။ ပြောင်းဈေးကောင်း ဈေးတက်နေတဲ့အခြေအနေပါ။ မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းက UMFCCI နဲ့လည်း ချိတ်ဆက်လုပ်ထားပြီးပြီ ဖြစ်တာကြောင့် နောက်ပိုင်းမှာ မြန်မာ့ ပြောင်းဈေးကွက်တိုးတက်စေဖို့ အများကြီးလုပ်ဆောင်နိုင်လာမှာပါ။ မြန်မာ့ပြောင်းကို ဟိုတုန်းကလို တရုတ်နိုင်ငံတစ်ခုတည်းတင် မဟုတ်တော့ပဲ၊ အခု

လောလောဆယ်မှာ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့ကိုလည်း တင်ပို့ရောင်းချနေပါပြီဟု ဦးမင်းခိုင်က ဆက်လက်ပြောသည်။ လက်ရှိဈေးကွက်တွင် အစေ့ထုတ်ပြောင်းတစ်ပိဿာလျှင် (၅၀၀) ကျပ်မှ (၆၀၀)ကျပ် အတွင်း ဈေးနှုန်းများရရှိနေပြီး၊ ဒေသအလိုက် ဈေးနှုန်းအနည်းငယ်ကွာခြားမှုရှိနိုင်ကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/myanmar_corn_association_try_to_get_loan

## ဗြိတိန်နိုင်ငံအခြေစိုက်ကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံတွင် နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံ တည်ဆောက်၍ ရင်းနှီးမြှုပ်နှံသွားမည်

ဗြိတိန်နိုင်ငံအခြေစိုက် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံတွင်အမျိုးအစားကောင်းမွန်သော နွားမွေးမြူခြင်းနှင့်ထိုမှ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများတည်ဆောက်၍ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ (MRCCI) အသင်း ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်ကျော်ထံမှသိရသည်။

အဆိုပါစီမံကိန်းကို ဗြိတိန်နိုင်ငံအခြေစိုက် ယူနိုက်တက်ဂရင်းInvestment ကုမ္ပဏီမှ CDC,DFC,OFC,ADB တို့ရဲ့အကူအညီများဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ယင်းကုမ္ပဏီသည် ပုဂ္ဂလိကပိုင်မဟာဗျူဟာမြောက်ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်နေသော ဥရောပ၊ အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများတွင် နှစ်(၆၀)ကျော်အောင်မြင်စွာ ရင်းနှီးမြှုပ်နှံခဲ့သည့် လုပ်ငန်းအတွေ့အကြုံရှိသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်းသိရသည်။ ၎င်းစီမံကိန်းအတွက် British Chamber of Commerce (UK) မှ CEO Mr. Peter Crowhurst နှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း နို့စားနွားမွေးမြူရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်း အဆိုပြုလုပ်ဆောင်မှုအတွက် (MRCCI) မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်းသိရပြီး၊ စီမံကိန်းအတွက် နိုင်ငံတော်အစိုးရအပါအဝင် မန္တလေးတိုင်းအတွင်းရှိ တပိုင်တစ်နိုင်မွေးမြူရေးသမားများပါ ပါဝင်လာစေရေးကို ဦးစားပေးတွေ့ဆုံဆွေးနွေးမှုများခဲ့ကြသည်။

ထို့အတူ ရည်မှန်းထားသောမွေးမြူရေးဇကေများပြားလွန်းသဖြင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် နီးစပ်သော စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းနှင့် ရှမ်းမန္တလေးနယ်စပ်များပါ ထည့်သွင်းရေးကိုပါ ဆွေးနွေးခဲ့ပါကြောင်း ယင်းစီမံကိန်းမှ အသား၊ နို့နှင့်နို့ထွက်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းဈေးနှုန်းချိုသာစွာနှင့်ရရှိစေပြီး ပြည်ပနိုင်ငံများသို့ အဓိကထားတင်ပို့ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကာ နောက်တဆင့်အနေဖြင့် အသားထုတ်လုပ်မှုကို အိမ်နီးချင်းတရုတ်နိုင်ငံသို့ပါ တင်ပို့ ရောင်းချသွားမည့် အစီအစဉ်များလည်းပါဝင်ကြောင်း၊ ထိုသို့ထွက်ရှိလာသောထုတ်ကုန်များမှာ မြန်မာ့ထုတ်ကုန်များအဖြစ်ဖြင့်သာ ရောင်းချတင်ပို့မှာဖြစ်လို့အားပေးပါကြောင်း၊ စီမံကိန်းပထမအဆင့်တွင် နို့စားနွားကောင်ရေနှစ်သောင်း စတင်မွေးမြူသွားမည် ဖြစ်ပြီး လိုအပ်မည့်အစာများအတွက် ကောက်ပဲသီးနှံစိုက်ပျိုးခြင်းများ၊ အစာသယ်ယူပို့ဆောင်ရေးဆောင်ရွက်မည့် အခန်းကဏ္ဍ အစီအစဉ်များလည်းပါဝင်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများစွာပေါ်ထွက်လာနိုင်ပါကြောင်း ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုမျိုးကို တောင်အာဖရိကတွင်လည်းပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံတွင် အလားတူ လုပ်ဆောင်မည့်စီမံကိန်းဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်းရှိ နို့စားနွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသူများ မထိခိုက်စေရေးနှင့်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များလည်း ပါဝင်ကြောင်း၊ ယင်းစီမံကိန်းအတွက် လက်ရှိတွင် တာဝန်ရှိသူများနှင့်တွေ့ဆုံမှုများအဆက်မပြတ်ပြုလုပ်နေပြီး လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရင်းနှီးမြှုပ်နှံမှုအတွက် နိုင်ငံတော်မှခွင့်ပြုချက်အသီးသီးရရှိပါက တိုင်းအတွင်းရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကို ဖိတ်ခေါ်ချိတ်ဆက်ကူညီပေးမည်ဖြစ်ကြောင်း၊ (MRCCI) အသင်း ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်ကျော်က ပြောကြားသည်။

ဒီစီမံကိန်းအတွက် မြေအမျိုးအစားမရွေး မြေကောင်းဂဏန်းလောက်လိုအပ်တယ်လို့သိရပါတယ်၊ တဆက်တစပ်တည်းမဟုတ်ပါဘူး၊ ဟိုနေရာမှာ ဧက(500)၊ဒီနေရာမှာဧက(500) စသည်ဖြင့် လုပ်ငန်းတစ်ခုလုံးအတွက် ပေါင်းလိုက်ရင် လိုအပ်တဲ့ဧက ရနိုင်ပါကြောင်းနှင့် နိုင်ငံတော်ကပေးနိုင်တဲ့ မြေနေရာအနေအထားမှာလဲ ဧကသောင်းချီမရှိတဲ့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ပူးပေါင်းပါဝင်လာမှ အဆင်ပြေမှာပါဟုအကြံပြုပြောကြားထားကြောင်းနှင့် နို့ထွက်ပစ္စည်းများထုတ်လုပ်ရန်နှင့် နွားမွေးမြူရေးလုပ်ငန်းများအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ သန်း(၂၀၀) ခန့် ခန့်မှန်းထားပြီး ခေတ်သစ်ထုတ်လုပ်မှုလုပ်ငန်း အပြည့်အဝလည်ပတ်ချိန်တွင် ခန့်မှန်းခြေအားဖြင့် လူဦးရေ ၇၅၀ ကျော်ခန့် အလုပ်အကိုင်

ရရှိနိုင်မည်ဖြစ်ကြောင်း (MRCCI) အသင်း ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်ကျော်ထံမှ သိရသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/3085-construction-of-milk-and-milk-products-factory.html

## တရုတ်နိုင်ငံမှသွင်းကုန်များအပေါ် အိန္ဒိယအကောက်ခွန်ဌာနက တင်းကျပ်စွာစစ်ဆေးလျက်ရှိခြင်း

အိန္ဒိယနှင့်တရုတ် နှစ်နိုင်ငံနယ်စပ်ပြဿနာဖြစ်ပွားမှုအရေးကိစ္စကြောင့် တရုတ်နိုင်ငံထုတ်ကုန်များအား သပိတ်မှောက်ရန် ပြည်တွင်း၌လှုံ့ဆော်မှုများရှိနေချိန်တွင် ဆိပ်ကမ်းများနှင့်လေဆိပ်များတွင် တရုတ်နိုင်ငံမှ တင်သွင်းရောက်ရှိသည့် ကုန်သေတ္တာများအား ၁၀၀ ရာခိုင်နှုန်းပြည့် မျက်မြင်စစ်ဆေးခြင်းကို ၂၂.၆.၂၀၂၀ နေ့ ညပိုင်းမှစတင်၍ အိန္ဒိယအကောက်ခွန်ဌာနက လုပ်ဆောင်လျက်ရှိရာ ဆိပ်ကမ်းရှင်းလင်းလျက် ကုန်ပစ္စည်းများထုတ်ယူနိုင်ရေးမှာ ကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း၊ ချန်နိုင်းမြို့ (Chennai ) အခြေစိုက် ချန်နိုင်းအကောက်ခွန်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းက တရုတ်နိုင်ငံမှတင်ပို့သည့် ကုန်ပစ္စည်းများအားလုံးကို တင်းကျပ်စွာ စစ်ဆေးရန် အကောက်ခွန်ဌာနတွင်း၌ ညွှန်ကြားထားကြောင်း ဖော်ပြခဲ့ပြီး ထိုသို့ ရာခိုင်နှုန်းပြည့် မျက်မြင်စစ်ဆေးမှုရာတွင် Authorised Economic Operators ခေါ် ကုန်စည် သယ်ယူပို့ဆောင်ရာ၌ လုံခြုံစိတ်ချရမှု စံသတ်မှတ်ချက်များနှင့်ညီညွတ်ကြောင်း အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် လုပ်ငန်းများပါမကျန် အကျုံးဝင်ကြောင်းသိရှိရသည်။ လက်ရှိကာလတွင် အိန္ဒိယနိုင်ငံ၌ သွင်းကုန်များအား ဆိပ်ကမ်းရှင်းလင်းဆောင်ရွက်ရာ၌ သွင်းကုန်စုစုပေါင်း၏ ၇၀% ခန့်သည် ကုန်ပစ္စည်းရောက်ရှိကြောင်း အထောက်အထား စာရွက်စာတမ်းများတင်ပြလျက် Green Channel ကင်းလွတ်လမ်းကြောင်းမှဝင်ရောက်ခြင်းဖြစ်ပြီး၊ ကျန် ၃၀% မျှကိုသာ ဖွင့်ဖောက်စစ်ဆေးခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှတင်သွင်းသည့် ကုန်ပစ္စည်းများအားတားမြစ်ရန် သို့မဟုတ် ဆိုင်းငံ့ထားရန် အိန္ဒိယအကောက်ခွန်နှင့် သွယ်ဝိုက်အခွန်များ ကြီးကြပ်မှုဗဟိုအဖွဲ့ (CBIC) နှင့် အကောက်ခွန်ဌာနတို့ထံ စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း ညွှန်ကြားမှုတစ်စုံတစ်ရာမျှမရှိသော်လည်း ဆိပ်ကမ်းရှင်းလင်းမှုစနစ်အတွင်း လုံခြုံရေးဆိုင်ရာ အသိပေးတပ်လှန့်မှုအရ အချို့သောကုန်သေတ္တာများကို ဘေးကင်းလုံခြုံစိတ်ချရမှု အစီအမံများဖြင့်စစ်ဆေးဆောင်ရွက်ရခြင်းဖြစ်သည်ဟု သက်ဆိုင်ရာဌာနမှ အရာရှိတစ်ဦးက ဖြေကြားကြောင်း Economic Times သတင်းဌာနမှ ဖော်ပြပါသည်။

သာမန်အားဖြင့် လုံခြုံရေးဆိုင်ရာ သတင်းပေးတပ်လှန့်ချက်ရရှိထားပါက သီးခြားသတ်မှတ်ချက်ရှိသည့် ကုန်စည်အမျိုးအမည်ကိုသာ ဘေးကင်းလုံခြုံမှုအစီအမံများဖြင့် စစ်ဆေးခြင်းဖြစ်သော်လည်း ယခုကိစ္စရပ်တွင် တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ကုန်စည်များအားလုံးအပေါ် တင်းကျပ်စွာစစ်ဆေးလျက်ရှိခြင်းက ဆိပ်ကမ်းများတွင် အချိန်နှင့်လူအင်အားများစွာအသုံးပြုရပြီး အထူးသဖြင့် အိန္ဒိယနိုင်ငံအရှေ့ဘက်ကမ်းခြေဒေသရှိ Chennai, Visakhapatnam နှင့် Kolkata ဆိပ်ကမ်းများ၌ ကုန်သေတ္တာများ ပြည့်ကျပ်မှုကို ဖြစ်ပေါ်စေလျက်ရှိသည်။

သို့ဖြစ်ရာ ပြည်တွင်းရှိ သတင်းအချက်အလက်နည်းပညာ၊ အီလက်ထရွန်းနစ်နှင့် ဆေးဝါး ကုန်ထုတ်လုပ်ငန်းများအပေါ် ကုန်ကျစရိတ်များကြီးမြင့်မှုနှင့် ကုန်ထုတ်လုပ်ငန်း၏ သွင်းအားစု ကွင်းဆက် ပုံပျက်ယွင်းမှုတို့မှာ အကျိုးဆက်အဖြစ် ဖြစ်ပေါ်လာနိုင်သဖြင့် အိန္ဒိယရှိ FICCI, FIEO စသည့် ကုန်သည်အသင်းများ၊ ICEA နှင့် MAIT ကဲ့သို့သော မိုဘိုင်းဖုန်းနှင့် နည်းပညာဆိုင်ရာ ကုန်ထုတ်လုပ်ငန်းရှင်အသင်းအဖွဲ့များက ယခုကဲ့သို့ သွင်းကုန်များအားလုံးအပေါ် တင်းကျပ်စွာစစ်ဆေးနေမှုအား သုံးသပ်စိစစ်ပေးရန် ဘဏ္ဍာရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများသို့ စာရေးသားပေးပို့တောင်းဆိုထားကြောင်း သိရှိရသည်။

Economic Times သတင်းဌာနမှဖော်ပြချက်အရ အိန္ဒိယနိုင်ငံရှိ ဆိပ်ကမ်းများ၌ တရုတ်ကုန်သည်လုပ်ငန်းရှင်များ၏ ပို့ကုန်များအပေါ် သွင်းအားစုကွင်းဆက်ဆိုင်ရာ အခက်အခဲကြုံတွေ့နေရမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံအစိုးရက အိန္ဒိယဘက်သို့ ရှင်းလင်းချက် တောင်းခံထားကြောင်း၊ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအသင်း (FIEO) ကလည်း ၎င်းတို့၏လုပ်ငန်းရှင်များအနေ

ဖြင့် ဟောင်ကောင်ဆိပ်ကမ်းတွင် တရုတ်အကောက်ခွန်အာဏာပိုင်များ၏ အလားတူတုန့်ပြန်ဆောင်ရွက်မှုကို ရင်ဆိုင်လာရသည်ဟု ၂၅.၆.၂၀၂၀ နေ့၌ ပြောဆိုခဲ့ကြောင်း သိရှိရပါသည်။

**Source: Economic Times**

1. **Indian customs may start inspection of all imports from China at ports and airports, 24 Jun 2020**
2. **All Chinese cargo being checked following nationwide risk alert, 25 Jun 2020**
3. **Beijing seeks clarity on imports stuck due to 100% inspection, 25 Jun 2020**
4. **Exporters raising concern over consignment hold-up by Hong Kong, Chinese customs: FIEO, 25 Jun 2020**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## ကိုရိုနာကပ်ရောဂါပြန့်ပွားနေမှုကြောင့် တိုကျိုမြို့တွင် Telework အသုံးပြုမှုသည် ၅၀ % ကျော်ရှိလာကြောင်း ဂျပန်အစိုးရအဖွဲ့ရုံးထုတ်ပြန်ခဲ့

ဂျပန်အစိုးရအဖွဲ့ရုံး၏ ဇွန်လ ၂၁ ရက်နေ့က ထုတ်ပြန်ခဲ့သည့်စစ်တမ်းအရ ကိုရိုနာကပ်ရောဂါကူးစက်မှုကြောင့် မြို့တော်တိုကျိုတွင် Telework ကို အသုံးပြုလာမှုသည် တစ်နိုင်ငံလုံး၏ ၃၀ % ကျော်ရှိလာပြီး အသုံးပြုသူများအနက် အလုပ်အကိုင်ပုံစံထက် နေထိုင်မှုဘဝပုံစံ ပြောင်းလဲလိုသူဦးရေသည် ၆၀ % နှင့် ဒေသန္တရဒေသများသို့ ပြောင်းရွှေ့နေထိုင်လိုသူ ဦးရေသည်လည်း မြင့်တက်လာကာ ၂၀% အထိရှိလာကြောင်းသိရှိရပါသည်။

အဆိုပါစစ်တမ်းကို ကိုရိုနာကပ်ရောဂါကူးစက်ပြန့်ပွားပြီးနောက် ပထမဆုံးအကြိမ် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တိုကျိုမြို့တော်နေရာအနှံ့ပြားမှ လူဦးရေ ၁၀,၁၂၈ ဦးအား အင်တာနက်အသုံးပြုမှုနှင့်ပတ်သက်သည့် အသိပညာနှင့်လုပ်ငန်းဆောင်ရွက်မှုပြောင်းလဲ လာခြင်းတို့အပေါ် မေးမြန်းခဲ့ပါသည်။ မေးမြန်းချက် ရလဒ်အရ Telework ကို အသုံးပြုလာသူ ဦးရေသည် တိုကျို ၂၃ မြို့နယ်တွင် ၅၅.၅ % ကျော်ရှိကာ တစ်နိုင်ငံလုံးလူဦးရေ၏ ၃၄.၆ % ခန့်ရှိလာပါကြောင်း၊ ရုံးတက်ရုံးဆင်းချိန်နှင့်ပတ်သက် ၍ တိုကျို ၂၃ မြို့နယ်တွင် ၅၆ % ထိလျော့ချလာခဲ့ပါကြောင်း တွေ့ရပါသည်။

ဖြေကြားသူဦးရေ စုစုပေါင်း၏ ၇၂.၇ % သည် အနာဂတ်တွင်လည်း Telework ကို ဆက်လက်အသုံးပြုလိုကြကြောင်းနှင့် Telework အသုံးပြုများ၏ ၆၄.၂ % သည် အလုပ်အကိုင်ထက် နေထိုင်မှုဘဝပုံစံကို ပြောင်းလဲလိုကြကြောင်း ဖြေကြားခဲ့ကြပါသည်။ ထို့အပြင် ဒေသန္တရသို့ ပြောင်းရွှေ့ နေထိုင်လိုသူ ဦးရေသည်လည်း မြင့်တက်လာခဲ့ပါကြောင်းစစ်တမ်းအရ သိရပါသည်။ စစ်တမ်းအရ Telework အသုံးပြုသူများ၏ ၂၄.၅ % နှင့် တိုကျို ၂၃ မြို့နယ်တွင် နေထိုင်သူများ၏ ၃၅.၄ % ခန့်ရှိသည့် အသက် ၂၀ နှစ်မှ ၃၀ နှစ် အကြားလူငယ်များသည် ဒေသန္တရဒေသများသို့ ပြောင်းရွှေ့နေထိုင်လိုကြကြောင်းသိရပါသည်။

ဇွန်လ ၂၁ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် စီးပွားရေးပြန်လည်ထူထောင်ရေးဝန်ကြီး မစ္စတာနီရှိမူရက အဆိုပါစစ်တမ်း၏ အချက်အလက်များအရ ဒေသတွင်းပြန်လည်ရှင်သန်မှု၊ မြို့တော်တိုကျိုတွင်နေထိုင်ကြသူများ၏ Telework အသုံးပြုမှုအပေါ် စိတ်ပါဝင်စားမှု၊ လုပ်ငန်းပုံစံပြုပြင်ပြောင်းလဲမှု၊ ဒီဂျစ်တယ်နည်းပညာ သုံးစွဲလာမှုစသည့်အချက်များသည် ရှေ့သို့ဆက်လက်ချီတက်ရန် အခွင့်အလမ်းတစ်ခုဖြစ်လာနိုင်ကြောင်းပြောကြားခဲ့ပြီး၊ ထိုအခြေအနေများကို အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များအတွက် မူဝါဒကျောရိုးမဏ္ဍိုင် (Bone policy) တစ်ခုအဖြစ်ထင်ဟပ်မည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## (၁၀) ကြိမ်မြောက် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) ဝန်ကြီးများအဆင့် ကြားဖြတ်အစည်းအဝေးနှင့်စပ်လျဉ်း၍ ပူးတွဲသတင်းထုတ်ပြန်

(၁၀) ကြိမ်မြောက် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) ဝန်ကြီးများအဆင့် ကြားဖြတ် အစည်းအဝေးကို ၂၃ – ၆ – ၂၀၂၀ ရက်နေ့တွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် နယူးဇီလန်နိုင်ငံတို့မှ ဝန်ကြီးများတက်ရောက်ဆွေးနွေးခဲ့ကြောင်း ပူးတွဲသတင်းထုတ်ပြန်ထားပါသည်။ ယင်းသတင်းထုတ်ပြန်ချက်တွင် ကိုဗစ် ၁၉ ကမ္ဘာ့ကပ်ရောဂါသည် တစ်ကမ္ဘာလုံးကလက်တွဲ၍ တုံ့ပြန်ဆောင်ရွက် ကြရန်လိုအပ်သော ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှုကွင်းဆက်များအပေါ် ယခင်က မကြုံတွေ့ခဲ့ဖူးသည့် စိန်ခေါ်မှုတစ်ခုပင်ဖြစ်ကြောင်း၊ ဤသို့သောနောက်ခံအခြေအနေတွင် ကိုဗစ် ၁၉ အလွန်ကာလ၌ ရေရှည်တည်တံ့သော၊ ဘက်ညီမျှတသော၊ အားလုံးပါဝင်နိုင်သောဖွံ့ဖြိုးတိုးတက်မှုနှင့်ခိုင်မာစွာဖြင့် စီးပွားရေးပြန်လည်နာလန်ထူလာစေရေးအတွက် ပူးပေါင်းညှိနှိုင်းမှုများကို တိုးမြှင့်ဆောင်ရွက်ကြရန်သဘောတူပါကြောင်း၊ ၄– ၁၁ – ၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၃) ကြိမ်မြောက် RCEP ထိပ်သီးအစည်းအဝေး၌ ဆွေးနွေးဖက်နိုင်ငံများ၏ ခေါင်းဆောင်ကြီးများက လမ်းညွှန်ထားခဲ့သည့်အတိုင်း ယခုနှစ်တွင် RCEP သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးရန် မိမိတို့၏ကတိကဝတ်များကို ပြန်လည်အတည်ပြုပါကြောင်း၊ ကိုဗစ် ၁၉ ဖြစ်ပွားနေဆဲကာလတွင် RCEP ၏ အရေးပါမှုသည် ဆက်လက်ကြီးထွားနေသည့်အတွက် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပေါင်းစည်းမှုနှင့်နိုင်ငံတကာကုန်သွယ်ရေးစနစ်တို့အပေါ် ကျွန်ုပ်တို့၏ မဆုတ်မနစ်သော အားပေးထောက်ခံမှုများကို ဤသဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းဖြင့် ထင်ရှားစွာပြသနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် ၂၀၁၂ ခုနှစ်မှစတင်ခဲ့သော RCEP ညှိနှိုင်းဆွေးနွေးမှုများတွင် အရေးကြီးသော ဆွေးနွေးဖက်အဖြစ် အိန္ဒိယနိုင်ငံကပါဝင်ခဲ့ကြောင်း၊ RCEP တွင် အိန္ဒိယနိုင်ငံ၏ ပူးပေါင်းပါဝင်မှုသည် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်ပံ့ပိုးပေးမည်ဖြစ်ကြောင်းကို မိမိတို့အနေဖြင့်ယုံကြည်ပါကြောင်းနှင့် RCEP တွင် အိန္ဒိယနိုင်ငံပါဝင်လာရေးအတွက် အမြဲတံခါးဖွင့်လှစ်ထားမည်ဖြစ်ကြောင်းလည်း ဖော်ပြထားပါသည်။

**Source: Ministry of Trade and Industry, Singapore**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## အလုပ်မှထုတ်ပယ်ခြင်းနှင့်အလုပ်ခန့်ထားမှုမှ ရပ်ဆိုင်းလိုက်သည့် လုပ်သားဦးရေ ၂၆၀၀၀ ကျော်အထိ ရှိလာကြောင်း ဂျပန်နိုင်ငံ၊ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ကြေငြာခဲ့

ဂျပန်နိုင်ငံ၊ ကျန်းမာရေး၊ အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက ကိုရိုနာကပ်ရောဂါကူးစက်ပြန့်ပွားမှုကြောင့် အလုပ်မှထုတ်ပယ်လိုက်ခြင်းနှင့် အလုပ်ခန့်ထားမှုမှရပ်ဆိုင်းလိုက်သည့် လုပ်သားဦးရေသည် (ယခု ဇွန်လ ၁၉ ရက်နေ့အထိ စာရင်းဇယားများအရ) ၂၆၅၅၂ ဦးအထိ ရှိလာကြောင်းကို ဇွန်လ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

လုပ်ငန်းအမျိုးအစားအလိုက် ခွဲခြားကြည့်မည်ဆိုပါက ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းများမှ ထုတ်ပယ်/ခန့်ထားမှုရပ်ဆိုင်းလိုက်ခြင်းသည် အများဆုံးဖြစ်ပြီး စားသောက်ဆိုင်လုပ်ငန်း၊ အခြားသောလုပ်ငန်းများမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ အငှားယာဉ်မောင်းလုပ်ငန်းနှင့် sightseeing buses ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြကြောင်းသိရပါသည်။

ဒေသအလိုက် ခွဲခြမ်းကြည့်လျှင် တိုကျိုမြို့တွင် လုပ်ငန်းမှထုတ်ပယ်/ခန့်ထားမှု ရပ်ဆိုင်းလိုက်မှုများ အများဆုံးတွေ့ရပြီး အခြားသောဒေသများဖြစ်ကြသည့် အိုဆာကာ၊ ဟိုကိုင်းဒိုး၊ ဟျိုးဂိုးနှင့် ဖူကူအိုကာခရိုင်တို့တွင်လည်း အလားတူအခြေအနေများ ရင်ဆိုင်ရကြောင်းသိရပါသည်။

**ရင်းမြစ်။ The Cabinet Office of Japan, The Prime Minister's Office of Japan, METI, Japan, The Japan Times, The Japan News, The Yomiuri Shimbun, The NHK World.**

# STOCK EXCHANGE (30.6.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 30th Jun. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | -500 | -4.55% | 10,500 | 11,000 | 10,500 | 776 | 8,153,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | -50 | -1.30% | 3,850 | 3,850 | 3,800 | 5,789 | 22,015,200 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +100 | +1.23% | 8,200 | 8,200 | 8,200 | 8 | 65,600 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +500 | +2.22% | 22,500 | 23,000 | 22,500 | 887 | 19,958,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,650 | 2,700 | 2,650 | 16 | 43,150 | 19,977,223 | 53,939 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 447.09 | -8.88 | -1.95% | 446.19 | 456.67 | 446.19 | 7,476 | 50,235,450 | 6 | 665,245 |

### Index chart




## Market Overview

As of 1:00 pm, 30th Jun. 2020

| MYANPIX | 447.09 ▼ 8.88 |
|---|---|
| Total Volume (shares) | 7,476 |
| Total Value (MMK) | 50 mil |
| Listed Company | 6 |
| Market Cap. (MMK) | 665,245 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▼ 500 |
| MTSH | 00002 | 3,800 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 100 |
| FPB | 00004 | 23,000 | ▲ 500 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |